# ဝေမျှူးသွင်

လုံးချင်းဝတ္ထုသစ်

(၁)

မိုးသည် တဖွဲဖွဲရွာကျနေရာမှ ရုတ်ချည်း ရပ်တန့်လို့သွား၏။ တန်ခိုးရှင်တစ်ဦးတစ်ယောက်က အမိန့်ပေးလိုက်သကဲ့သို့ အညိုရောင်မိုးသားတို့ မှာ ချက်ချင်းပြယ်လွင့်သွားပြီး၊ နေရောင်ခြည်တန်းများက မြေပြင်ပေါ်ထိုးဆင်း ဖြာကျလာသည် ။ ရန်ကုန်မိုးသည် ရန်ကုန်သူများ လိုပင်မျက်နှာများကာ အပြောင်းအလဲမြန်လှ၏။

ဒီတစ်မနက်လုံး မိုးက စွေ၍ ရွာနေခြင်းဖြစ်သည် ။ မနက်ဆယ့်တစ်နာရီခွဲမှ ဒီနေ့အဖို့ ပထမဆုံး ရောက်ရှိလာသော နေရောင်များကြောင့်ကျော်ကျော်က သဘောကျစွာ တစ်ချက်ပြုံးလိုက်၏။ မနေ့က လျှော်ဖွပ်ထားသည့် သူ့အဝတ်အစားတွေကို နေပူလှန်းနိုင်တော့မည် မဟုတ်လား။

တကယ်တော့ သူက နေရောင်ခြည်ကို သိပ်ကြိုက်လွန်းသည် မဟုတ် . . .။ ရာသီဥတုပူတာကို သူမုန်းသည် ။ အမှန်ဆို သူက မိုးရာသီကို နှစ်သက်သူ ဖြစ်၏။ သူသည် စာရေးဆရာတစ်ဦးမို့ မိုးအေးအေးလေးမှာ တစ်ကိုယ်ထဲ တွေး၍ ၊ ရေး၍ ကောင်းလှ၏။ ဒါကြောင့် လည်းအခုလို မိုးတွင်းကာလများ တွင် သူ့လုံးချင်း ဝတ္ထု စာအုပ်တွေ မြန်မြန်ဆန်ဆန် ရေးပြီးလေ့ရှိသည် ။

ကျော်ကျော်သည် စာရေးစားပွဲမှာ ထိုင်လိုက်ရင်း ညကမှ ရေးလို့ပြီးသွားသော ဝတ္ထုတိုစာမူကို စစ်ဆေးသည့် အနေနှင့် ပြန်ဖတ်ကြည့်

နေ၏။ ဘာမှ ထူးထူးခြားခြား ပြုပြင်စရာ မတွေ့ချေ။ တစ်စုံတစ်ယောက်၏ အားကိုးနှင့် ရေးထားသလို သူ့စာများက လတ်ဆတ်သစ်လွင်လျက် ရှိပါသည် ။ သူက ကျေနပ်အားရစွာပြုံးကာ ပြတင်းတံခါးကိုဖွင့်ပြီး အပြင်သို့တစ်ချက် ငေ့ရမ်းကြည့်လိုက်၏။

အိမ်အပြင်၌ မိုးရွာပြီးခါစ စွတ်စိုသော ရှုခင်းများက သူ့အား ကြိုဆိုနေကြလေသည် ။ သူ့အခန်းမှာ သုံးလွှာ အမြင့်တွင် ရှိနေသည် မို့ မြေပြင်ပေါ်ရှိ ဖရိုဖရဲမြင်ကွင်းများကို အထက်စီးမှ တွေ့မြင်နေရ၏။ တချို့နေရာများ တွင် မိုးရေစိုနေသော လမ်းမနှင့် နေခြည်တို့ ထိတွေ့မှုကြောင့် အလင်းပွင့်များက တလက်လက် ဖြစ်ပေါ်နေတော့သည် ။

ရုတ်တရက် သူ့မြင်ကွင်းထဲသို့ အရိပ်ကောက်ကြောင်းလေး တစ်ခု ဖြတ်သန်း ဝင်ရောက်လာ၏။ နူးညံ့သိမ်မွေ့စွာ ရွေ့လျားလျက်ရှိသော အရိပ်ကောက်ကြောင်းလေးက သူ့စိတ်ကို တခဏအတွင်း ဖမ်းစားသွားနိုင်လေသည် ။ အရိပ်လေး၏ လှုပ်ရှားသွားလာပုံမှာ ကဗျာဆန်လှ၏။ ဒီအချိန်ထိ သူက အရိပ်ပိုင်ရှင်ကို မကြည့်မိသေး . . .။ အရိပ်လေး၏ ဆွဲဆောင်မှုကို သူ့မှာ အံ့ဩနေရသည် ။ ထိုအခိုက် အရိပ်လေးသည် သွားနေရာမှ တန့်ခနဲ ရပ်သွား၏။ တစ်ခုခုကို စောင့်နေတာပဲဖြစ်မည်။ နောက်တော့ တိုက်အောက်မှ နောက်ထပ်အရိပ်တစ်ခုပါ ထပ်တိုးလာသည် ။ ဒုတိယမြောက် ထပ်မံရောက်ရှိလာသော အရိပ်သည် ပထမမြင်ရသည့် အရိပ်လေးလို သူ့အား ဆွဲဆောင် ဖမ်းစားနိုင်စွမ်း မရှိပေ။

ကျော်ကျော်က ဒီတော့မှ သူ့စိတ်ကို ညှို့ယူသိမ်းပိုက်သွားသည့် အရိပ်ပိုင်ရှင်လေးဆီ လှမ်းကြည့်လိုက်မိ၏။ အားပါး . . . နှုတ်ခမ်းနီစွေးစွေးလေးနဲ့ လှလိုက်တဲ့ ကောင်မလေး။ ဒါပင်မယ့် သူမအလှမှာ ပူလောင်မှုတွေ မရှိ . . . ။ ရင့်ကျက်တည်ကြည်သော အလှမျိုးကို

ပိုင်ဆိုင်ထားသည် ။ သူမထံ နောက်ထပ် ရောက်လာသည့် အရိပ်တစ်ခုကို တွေ့လိုက်တော့ သူဝမ်းသာသွား၏။ ဒုတိယမြောက် အရိပ်မှာ တခြားသူမဟုတ် . . .။ သူ့အိမ်အပေါ်ထပ်လေးလွှာ အခန်းမှ ဧပရယ်ဆိုသော ကောင်မလေးဖြစ်နေလေ၏။

ဒါဖြင့် သူမက ဧပရယ့် သူငယ်ချင်းပေ့ါ။ ထိုအတွေးနှင့် ပင် သူပျော်လို့ သွားတော့သည် ။ ဒါဆို သူ့အနေနှင့် ရှေ့ဆက် ပတ်သက်ခွင့်ရရန် မျှော်လင့်သွားနိုင်ပြီ ဖြစ်သည် ။ သူမတို့ နှစ်ယောက်ကတော့ စကားတွေ တပြောပြောနှင့် လမ်းထိပ်ဖက်သို့ ထွက်ခွာသွားကြ၏။

ကျော်ကျော့် နှလုံးသားထဲမှာ သူမ၏ အရိပ်ကောက်ကြောင်းလေးက ထူးဆန်းစွာ စွဲစွဲမြဲမြဲ ကျန်ရစ်ခဲ့သည် ။ သူ့ရင်ထဲတွင် မောဟိုက်လျက်ရှိ၏။ နောက် . . . သူက ဖွဖွလေးပြုံးရင်း ခေါင်းရမ်းသွားမိသည် ။ ချိုမြိန်သော သေးသေးကွေးကွေး အရသာလေးကို သူအသေအချာ ခံစားလိုက်ရပါသည် ။

Little Sweet လေးရေ . . . ငါကမင်းကို အရိပ်ကစပြီး ချစ်ခဲ့ရတဲ့ ကောင်ပါကွာ . . .။

*

(၂)

“ ဒေါက် . . . ဒေါက် . . . ဒေါက် . . .”

တံခါးခေါက်သံကြောင့် ရုတ်တရက် ကျော်ကျော်နိုးလာသည် ။ စောစောစီးစီး ဘယ်ဧည့်သည် ပါလိမ့်။ နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ မနက်ကိုးနာရီခွဲခါနီးပြီ။ ညက စာရေးရင်းနှင့် ညဉ့်နက်မှသူ အိပ်ရာဝင်ဖြစ်ခဲ့၏။ ဒီတော့ အိပ်ရာထ နောက်ကျရသည် ။ ကျော်ကျော်က အပျင်းဆန့်၍ အားရပါးရ သမ်းဝေလိုက်၏။

“ ဒေါက် . . . ဒေါက် . . . ဒေါက် . . .”

ဒီတစ်ခါ တံခါးခေါက်သံက နည်းနည်းပိုမြန်ပြီး ပိုလည်း လက်ဆပြင်းသည် ။ ကျော်ကျော်လည်း အိပ်ရာမှ အမြန်ထကာ တံခါးသွားဖွင့်ပေးရတော့၏။

တော်တော်အလိုက်မသိတဲ့ လူပဲ။

အမြဲလိုလို အိပ်ရာထနောက်ကျတတ်သည့် သူ့အကြောင်းဓာတ်သိသူငယ်ချင်းတွေကတော့ ဒီလို အချိန်မျိုးမှာ အိမ်လာလည်လေ့မရှိပါ။ သူ့အလုပ်ကို နားလည် စာနာသောအားဖြင့် တိုက်အောက်မျက်နှာချင်းဆိုင်ရှိ “ရွှေတောင်ပို့” လက်ဖက်ရည်ဆိုင်မှ သာ ထိုင်စောင့်နေတတ်ကြ၏။ တတိယအကြိမ်မြောက် တံခါးခေါက်သံ ထွက်ပေါ်မလာခင် ကျော်ကျော်က တံခါးကို ဖွင့်ကြည့်လိုက်ပါသည် ။ အခန်းပေါက်

ဝဠ် အသက် လေးဆယ်ခန့် စာပို့လုလင်ကြီးတစ်ဦး ရပ်နေတာတွေ့ရ၏။ သူ့ကိုတွေ့တော့ စာပို့လုလင်ကြီးက...

“ ဒါ . . . စာရေးဆရာ ကျော်စွာမင်းရဲ့ အခန်းလား”

“ ဟုတ်ကဲ့ . . . ”

ကျော်ကျော့်ကလောင်နာမည်မှာ “ ကျော်စွာမင်း ” ဟူ၍ ဖြစ်သည် ။ ညဝတ်ဘောင်းဘီတိုနှင့် လက်ပြတ်အင်္ကျီ ဝတ်ထားသောသူ့ကို စာပို့လုလင်ကြီးက ခြေဖျား၊ ခေါင်းဆုံး တစ်ချက်ကြည့်၍ ပြောလိုက်ပါသည် ။

“အဲဒါဆိုလည်း ဆရာ့ကို ခဏခေါ်ပေးပါ။ စာတွေကများ တယ်၊ ဒီမှာ လက်မှတ်ထိုးရမှာ မို့လို့ . . . ”

အိပ်ချင်မူးတူးဖြစ်နေသော ကျော်ကျော်မှာ ရယ်ချင်မိသွား၏။ သူက . . .

“ ကျွန်တော် ကျော်စွာမင်းပါပဲ ”

“ ဗျာ . . . ”

စာပို့လုလင်ကြီးက မယုံသလိုနှင့် အာမေဋိတ်သံကြီးကို ဖန်တီးလိုက်သည် ။ ကျော်ကျော်က ရယ်ဖြဲဖြဲနှင့် . . .

“ ဘာလဲ . . . အစ်ကိုက မယုံဘူးလား ”

“ ဟို . . ဟို မဟုတ်ပါဘူး၊ ကျွန်တော်က ဆရာ့ကို ဒီလောက်ငယ်လိမ့်မယ် မထင်ထားလို့ . . . အံ့သြသွားတာပါ ”

“ ဩော် . . . ဒါဆိုလည်း ထားပါတော့ဗျာ၊ ဒါနဲ့ စာက ဘယ်နှစ်စောင်လဲ . . . ”

" ရော့ . . . ဒီမှာ အားလုံးဆယ့်လေးစောင်ပါ . . .၊ ပြီးတော့ လက်ခံရရှိကြောင်း ဒီနေရာလေးမှာ လက်မှတ်တစ်ချက်လောက် ထိုးပေးပါ "

ကျော်ကျော်က စာတွေကို လှမ်းယူလိုက်ပြီး လက်မှတ်ထိုးပေးရန် ပြင်ဆင်နေစဉ်မှာ ပဲ . . .

" ခင်ဗျားက စာရေးဆရာဆိုတော့ ဒါတွေက မိတ်ဆက်စာတွေပဲ ဖြစ်မယ်၊ ဟုတ်တယ် မဟုတ်လား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စာရေးဆရာဖြစ်လာတာ ကုသိုလ်ကောင်းလိုက်တာဗျာ "

ဗုဒ္ဓေါ . . .။ ဘာမှ လည်း မဆိုင်ချေ။ ကိုယ့်ဘာသာကိုယ် စာရေးလို စာရေးဆရာဖြစ်တဲ့ ဟာကို သူ့ကျမှ ကုသိုလ်ကောင်းလို့ဆိုပဲ။ သူက ဘာမှ ပြန်မပြောဘဲ ပြုံးရုံပြုံးနေလိုက်ပါ၏။ အဲဒါကိုတောင် စာပို့လုလင်ကြီးက ဆက်ပွားနေသေးသည် ။

" ကျွန်တော် ငယ်ငယ်က စာရေးဆရာ သိပ်ဖြစ်ချင်ခဲ့တာပေ့ါ၊ စာလည်း အရမ်းဖတ်တာကိုး၊ အဲဒီတုန်းက သိုင်းဝတ္ထုဆယ့်နှစ်အုပ်တွဲကို တစ်ရက်ထဲနဲ့ ပြီးအောင်ဖတ်တာ၊ အခုတော့ စာဖတ်အားက ကျသွားပြီ၊ လောလောဆယ်တော့ သရဲဝတ္ထုတွေကို ကျွန်တော် အာရုံကျနေတယ် . . .၊ ဆရာ့ဝတ္ထုတွေ ကျွန်တော်ဖတ်ဖူးပါတယ်၊ ဒါနဲ့ ဆရာရော . . . သရဲဝတ္ထုတွေ၊ ဘာတွေ မရေးဘူးလား . . .၊ ရေးစမ်းပါဆရာရဲ့ . . . ဆရာ ဒီထက်ပိုအောင်မြင်မှာ သေချာတယ် "

သူတော်တော် စိတ်ညစ်သွား၏။ အခု ဒီဖက်နှစ်တွေမှာ စာပေလောကကို သရဲတစ္ဆေဂတ္ထုတွေ စိုးမိုးထားကြသည် ။ စာပေလောက သာမက . . .။ ဗီဒီယို ရုပ်ရှင်လောကမှာ လည်း သရဲ၊ တစ္ဆေဇာတ်ကားတွေ ခေတ်စားနေ၏။ ဂီတလောကမှာ ပင် သရဲ၊ တစ္ဆေ အကြောင်းတွေ သီချင်းထဲ ထည့်ဆိုကုန်ကြပြီ။ ဒါပေမယ့် အဆိုးဝါးဆုံး

ကတော့ စာပေလောက . . .။ တချို့စာရေးဆရာများ သည် သူ့ထက်ငါ စာအုပ်ရောင်းကောင်းအောင် မဟုတ်က၊ ဟုတ်ကတွေ လျှောက်ရေးပြီး ကြော်ငြာနေကြတာ တွေ့ရ၏။

သူကတော့ အချစ်ဝတ္ထုရေးသော စာရေးဆရာတစ်ဦးသာ ဖြစ်၏။ သူလည်း သရဲဝတ္ထုဆိုပြီး ဘုရား သမိုင်းတွေ၊ ဥစ္စာစောင့်၊ သိုက်စောင့် အကြောင်းတွေ၊ နိုင်ငံခြားမှ လူသတ်ကား၊ ဝိညာဉ်ကားတွေကို အဆင်ပြေသလို ဟိုနည်းနည်း ဒီနည်းနည်း . . .၊ ဒါမှ မဟုတ် အစအဆုံး ကူးချကာ လုပ်စားလျှင်ရပါသည် ။ သို့သော် မလုပ်ချင် . . .။ အဲဒီလို မဟုတမဟုတ်တွေလုပ်ဖို့ သူ့ဓာတ်မကျ (ခွက်လည်း မကျ)ချေ။ သူ့ကို သရဲစာပေ အကြောင်းတွေ လျှောက်ပြောနေသော စာပို့လုလင်ကြီးကိုတော့ စိတ်ဓါတ်ကျမိသည် ။

ဘုတောပြီး နှင်ထုတ်ပစ်လိုက်လို့ကလည်း မဖြစ်သေး . . .။ နောက်တစ်ခါ ကိုယ့်စာတွေ ရောက်မလာတော့ရင် မခက်ပါလား။ အိပ်ရေးမဝရသည့် ကြားထဲ အခန်းတံခါးပေါက်ဝမှာ စာပို့လုလင်ကြီး လျှောက်ပြောသမျှတွေကို နားထောင်ပေးနေရသော ဒုက္ခမှ ချုပ်ငြိမ်းအောင် ကျော်ကျော် ဘယ်လိုမှ မကြံတတ်ဘဲ ရှိနေ၏။ ထိုအခိုက်အပေါ်ထပ်မှ လှေကားအတိုင်း အောက်သို့ ပြေးဆင်းလာသော ခြေသံများက ရုတ်ချည်း ထွက်ပေါ်လာပါသည် ။

ဒီတော့မှ စာပို့လုလင်ကြီးလည်း လူတွေကို ရှောင်ရ၊ တိမ်းရနှင့် စကားစပြတ်တောက်သွား၏။ ဟော . . . ဟိုနေ့က အရိပ်ပိုင်ရှင် Little Sweet လေးနှင့် ဧပရယ်တို့ ပါလား။ တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူဝမ်းသာရွှင်မြူး သွားမိသည် ။ ကလေးတွေလို ခုန်ပေါက်ပြေးဆင်းလာသော သူမတို့ နှစ်ဦးသည် ကျော်ကျော့် အခန်းပေါက်ဝရှေ့ကို

ရောက်လာ၏။ ဧပရယ်က သူ့ကိုမြင်သွားတော့ ပြုံးပြရင်း နှုတ်ဆက်လေသည် ။

" ကိုကျော်ကျော် . . . ဒီနေ့ နိုးတာစောသားပဲ၊ လက်ထဲမှာ လည်း စာတွေမနည်းပါလား၊ ပရိတ်သတ်တွေဆီက မိတ်ဆက်စာတွေဖြစ်ရမယ် "

" ဪ . . . ဟုတ်တယ်၊ ဒီမှာ ပို့စ်မင်းက တံခါးခေါက်ပြီး လာနှိုးလို့ အခုမှ နိုးလာတာလေ "

ဧပရယ်ကို စကားပြန်ပြောနေသော်လည်း သူ့အကြည့်တွေက အရိပ်ပိုင်ရှင်လှလှလေးဆီ ဝဲပျံလို့နေ၏။ ဟိုတစ်နေ့ကထက်ပို၍ နီးကပ်စွာမြင်ရသော သူမ၏ နှုတ်ခမ်းနီစွေးစွေးလေးများ သည် ဖူးငုံခါစ နှင်းဆီပွင့်လေးလိုပင် လန်းဆန်းနုစ်သက်ဖွယ် ဖြစ်သည် ။ လောလောဆယ်တော့ သူမမှာ အခက်အခဲတစ်ခုခုကို ရင်ဆိုင်နေ ရပုံရ၏။ ကျော်ကျော်က တစ်ချက်မျှလေ့ လာပြီး သူမ၏ ပြဿနာကို သိရှိသွားတော့သည် ။

သူ့အကွက်ထဲဝင်လာသဖြင့် ဝမ်းလည်း ဝမ်းသာသွားမိ၏။ ကျော်ကျော်က အရိပ်လေးကို လမ်းပိတ်ထားသလို ဖြစ်နေသည့် စာပို့လုလင်ကြီးအား . . .

" အစ်ကိုက အခုဘယ်အခန်းကို သွားရမှာ တုန်း . . . ၊ အပေါ်ဆိုလည်း အပေါ်တက်၊ အောက်ဆိုလည်း အောက်ကိုဆင်း၊ လှေကားမှာ အဲဒီလိုကြီး ပိတ်ပြီးရပ်မနေနဲ့ လေ . . . ၊ ဒီမှာ အပေါက်ပိတ်နေပြီ "

" ဪ . . . ဟုတ်သားပဲ၊ ဆောရီးပါဆရာ . . . ကျွန်တော် အလုပ်ဆက်လုပ်လိုက်ပါဦးမယ်၊ နောက်များမှ ပဲ စာအကြောင်းပေအကြောင်းတွေ ဆက်ဆွေးနွေးကြတာပေါ့ . . . "

သူကလည်း စကားနည်းရန်စဲသဘောဖြင့် " အိုကေ . . . အိုကေ "ဟု

သာ ပြန်ပြောလိုက်ပါ၏။ စာပို့လုလင်ကြီး ဆင်းသွားတာကိုကြည့်ရင်း ဧပရယ်က တစ်စုံတစ်ခုအား စဉ်းစားနေပုံရသည် ။ ကျော်ကျော် နှင့် အရိပ်လေးတို့ မျက်လုံးချင်း ဖျတ်ခနဲ ဆုံမိလိုက်ကြ၏။ ဧပရယ်တို့ ကလည်း လျင်သည် ။ အဲဒီခဏလေးကို တွေ့ဖြစ်အောင် တွေ့သွားသေးသည် ။ ချက်ချင်းပဲ ဧပရယ်က . . .

“ ကိုကျော်ကျော် . . . ဒါက ဧပရယ်သူငယ်ချင်း မိုးနွယ်တဲ့ ၊ မှတ်ထားနော် . . . ၊ ဟဲ့ မိုး . . . အဲဒါ စာရေးဆရာကျော်စွာမင်းလေ ”

မိုးနွယ်က သူ့ကို တည်တည်လေးကြည့်ကာ . . .

“ ကိုကျော်ကျော့်စာအုပ်တွေကိုတော့ မကြာခဏ တွေ့ဖူးပါတယ်၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင် တစ်ခါမှ မဖတ်ဖူးဘူး သိလား”

ဧပရယ်မှာ အားနာသွားပြီး . . .

“ ဟယ် . . . မိုးကလည်း . . . ”

ကြည့်စမ်း။ စကားပြောတာ ရိုက်ပေါက်ပါလား။ ကျော်ကျော်က သူမ၏ စကားကြောင့် သဘောကျစွာ ပြုံးလိုက်၏။

“ ရပါတယ် ဧပရယ်ရဲ့ ၊ သူက အမှန်ကို အမှန်အတိုင်းပြောတာပဲ၊ ပြဿနာမရှိပါဘူး၊ အဲဒီလို ပွင့်ပွင့် လင်းလင်းပြောမှ ကျွန်တော်က ကြိုက်တာ . . . ”

“ မိုး ”ဆိုသော ထိုကောင်မလေးက သူ့အား စူးခနဲ တစ်ချက်စိုက်ကြည့်၍ ပြောပြန်သည် ။

“ အဲဒါဆို မိုးမှာ ကိုကျော်ကျော်ကို ပွင့်ပွင့်လင်းလင်းပြောစရာ နောက်တစ်ခု ကျန်သေးတယ်၊ ပြောရမလား ”

အကြောင်းသိမို့ ဧပရယ်က ကြားမှ ဝင်ဟန့်ပါသည် ။

“ ဟဲ့ . . . ”

ကျော်ကျော်က ပြုံးရင်း . . .

“ ပြောပါစေ ဧပရယ်၊ မိုးပြောစရာရှိတာ ပြောလို့ရပါတယ် ”

သူ့ခွင့်ပြုချက်ကိုရသွားသော မိုးနွယ်က ဘာမှ မပြောသေးခင် “ ခစ် . . . ”ခနဲ တစ်ချက်ရယ်လိုက်၏။ ပြီးမှ . . .

“ သြော် . . . မိုး ပြောချင်တာက ဒီလိုပါ၊ ကိုကျော်ကျော်က ဟိုပို့စ်မင်းကြီး တံခါးလာခေါက်မှ အိပ်ရာ ကထလာတာ မဟုတ်လား ”

“ အင်း . . . ဟုတ်တယ်လေ ”

“ ဒီတော့ ကိုကျော်ကျော်က မျက်နှာလည်း မသစ်၊ သွားလည်း မတိုက်ရသေးဘူးပေါ့၊ အဲဒါကို မိုးတို့ နဲ့ စကားပြောနေတော့ ကိုကျော်ကျော်ဆီက အာပုတ်စော်နံတာပေါ့၊ သိပြီလား၊ သွား . . . မျက်နှာသွားသစ်တော့၊ မိုးက ပွင့်ပွင့်လင်းလင်းပြောဆိုလို့ ပြောတာနော်၊ နို့မို့ဆို မပြောဘူး ”

“ အမ် ”

အာမေဋ္ဍိတ်သံနှင့် အတူ ကျော်ကျော့်မျက်နှာမှာ အရှက်ကြောင့် ရဲတက်လာ၏။ ဧပရယ်ဆိုလည်း အားနာလွန်းလို့ ထူပူပြီး ဘာပြောလို့ပြောရမှန်းတောင် မသိတော့ . . .။ သူ့စကားနှင့် သူမို့ကျော်ကျော်လည်း ဘာမှ ပြန်မပြောသာဘဲရှိ၏။ သူတို့ သုံးယောက်အပေါက်ဝမှာ စက္ကန့်နှစ်ဆယ်လောက် ယောင်နန ဖြစ်နေကြသေးသည် ။

ထို့နောက် . . . ကျော်ကျော်က ရှက်ရှက်နှင့် မျက်နှာသစ်ရန်ဆိုပြီး

အိမ်ထဲသို့ ဝင်သွားခဲ့၏။ သူမတို့ နှစ်ယောက်ကတော့ မူလရည်ရွယ်ချက်အတိုင်း လမ်းထိပ်မှ စတိုးဆိုင်ဆီ ထွက်လာခဲ့ကြပါသည် ။

ကျော်ကျော့် အားနည်းချက်ကို ပြောလိုက်သည့် အတွက် မိုးနွယ်ကို ဧပရယ်က တစ်လမ်းလုံး အပြစ်တင်လို့မဆုံးတော့ . . .။ မိုးနွယ်သည် စာရေးဆရာကြီးကို အခုလိုရှက်သွားအောင် လုပ်နိုင်တာမို့ ကိုယ့်လုပ်ရပ်ကိုယ် သဘောတွေကျနေလေသည် ။

*